JCE7 Tokai ၏ ကြေညာချက်

# "အဆုံး" အချိန်၊ "အဆုံး" နေရာကနေ "အစပြု" ဆုတောင်းရအောင်။

*ဦးဆောင်သူနှင့်ပရိသတ်တို့ အပြန်အလှန်ဆုတောင်းပြီး လူတိုင်းက "အားလုံး" ဟု ရေးထားသောဆုတောင်းချက်များကို အတူတကွဆုတောင်းဖို့ဖြစ်တယ်။

## ၁။ "အဆုံး" ကို မြင်နိုင်စေရန်။

- ဦးဆောင်သူ - နောက်ဆုံးတွင်ဘုန်းတန်ခိုးတော်နှင့်ပြည့်စုံသောဘုရားသခင်၊ ကိုယ်တော်က အရှင်သခင်အဖြစ်ကြွလာပြီး ကောင်းကင်နှင့်မြေကြီးကို အသစ်ပြုပြင်ပေးကာ လောကကြီးကို ပြီးပြည့်စုံလင်စေလိမ့်မည်။
- ပရိသတ် - သမ္မာကျမ်းစာယုံကြည်ခြင်းကို အခိုင်အမာရပ်တည်သောဂျပန်အသင်းတော်များ၊ ကျွန်ုပ်တို့သည် Kyoto ညီလာခံမှ Kobe ညီလာခံအထိ ဧဝံဂေလိညီလာခံ (၆)ကြိမ်တိုင်အောင် သာသနာလုပ်ငန်းများတွင် ကျွန်ုပ်တို့၏ပူးပေါင်းဆောင်မှုကို နက်ရှိုင်းစေခဲ့ပြီး ဂျပန်နှင့် နိုင်ငံရပ်ခြားရှိ ဧဝံဂေလိသာသနာလုပ်ငန်းများတွင် ပါဝင်ခဲ့ကြသည့်အတွက် ကျေးဇူးတင်ပါသည်။ သာသနာလုပ်ငန်းများ၏အရှင်သခင်ကိုယ်တိုင်သည် ကိုယ်တော်၏လုပ်ငန်းများကို တိုးတက်စေမည်ဟု ကျွန်ုပ်တို့ယုံကြည်ပြီး ကျွန်ုပ်တို့သည် သခင်ဘုရားထံတော်၌မျှော်လင့်ပြီး ဤဆုတောင်းချက်ကို ဆုတောင်းပါ၏။ (ရှင်းလင်းချက်မှတ်စု - ၁)

- ဦးဆောင်သူ - ယခုကျွန်ုပ်တို့သည် "အဆုံး" တွင်ရပ်နေကြတယ်။ တစ်နိုင်ငံနှင့်တစ်နိုင်ငံဆန့်ကျင်မှုများ၊ တစ်တိုင်းပြည်နှင့် တစ်တိုင်းပြည်ဆန့်ကျင်ပြီး ငြိမ်းချမ်းရေးမရှိတော့ပါ။ မြေငလျင်ကြီးများ၊ အစာခေါင်းပါးမှုနှင့် အမည်မသိသော ကပ်ရောဂါတွေဖြစ်နေပါတယ်။
- ပရိသတ် - သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်းက လျင်မြန်စွာတိုးတက်နေပြီး သဘာဝဘေးအန္တရာယ်များပိုမို ပြင်းထန်လာပါတယ်။ ကမ္ဘာတစ်ဝှမ်းလုံးတွင်ဆက်လက်ဖြစ်ပွားနေသော နိုပ်စက်ညှင်းပန်းမှုနှင့် ပဋိပက္ခတွေကလည်း ပြင်းထန်လာပါတယ်။ ကမ္ဘာကြီးမှာ ကွဲပြားမှုအမျိုးအမျိုးရှိနေပါတယ်၊ ကမ္ဘာကြီးတစ်ခုလုံးကလည်း မညီမျှမှု၊ ဆင်းရဲနွမ်းပါးမှု၊ ကျင့်ဝတ်ဆိုင်ရာရှုပ်ထွေးမှုများနဲ့ နာကျင်စွာညည်းတွားနေပါတယ်။ (ရှင်းလင်းချက်မှတ်စု - ၂)

- ဦးဆောင်သူ - ဂျပန်နိုင်ငံရှိအသင်းတော်တွေက အခက်အခဲမျိုးစုံတွေ့ကြုံနေပါတယ်။ အသင်းတော်တွေက သက်တမ်းရလာတာ နှင့်အမျှ အချိန်ပြည့်အမှုတော်ဆောင် လျော့နည်းလာပါတယ်၊ သင်းအုပ်ဆရာမရှိသောအသင်းတော်များတိုးလာပြီး သင်းအုပ်ဆရာတွေက အသင်းတော်များစွာကို ကြီးကြပ်ဖို့လိုအပ်နေတယ်၊ တချို့အသင်းတော်တွေက ပေါင်းလိုက်ပြီး တချို့ပိတ်သွားကာ အမှုတော်ဆောင်တွေ မောပန်းနေတယ်။
- ပရိသတ် - ၂၀၁၉ ခုနှစ် ကိုဗစ်ရောဂါကြောင့် လူချင်းတွေ့မိတ်သဟာယဖွဲ့ဖို့ခက်လာပြီး စီးပွားရေးအကျပ်အတည်းတွေ ရှိလာတယ်။ ဒါ့အပြင်၊ ခရစ်ယာန်ဘာသာမှ ပေါက်ဖွားလာတဲ့ အယူဝါဒနှင့်ကိုးကွယ်မှုတွေကြောင့် မိသားစုတွေပြိုကွဲသွားပြီး လူတွေက စိတ်ပိုင်းဆိုင်ရာရော ရုပ်ပိုင်းဆိုင်ရာပါ ထိခိုက်နာကျင်နေတယ်။

- အားလုံး - ကိုယ်တော်၊ ကျွန်ုပ်တို့မြင်ခဲ့ရတဲ့ အရာတွေကို မျက်ကွယ်မပြုအောင်ကူညီတော်မူပါ၊ သို့သော် သန့်ရှင်းသော ဝိညာဉ်တော်ဘုရား၊ ကျွန်ုပ်တို့ကိုရှာဖွေသွန်သင်တော်မူပါ။ နောင်တရပြီး ကိုယ်တော်၌ယုံကြည်အသက်ရှင် နေထိုင်ရန် ကူညီတော်မူပါ။ ကျွန်ုပ်တို့သည် "ကိုယ်တော်ကြွလာမယ့်" နေ့ရက်ကိုယုံကြည်ပြီး ကိုယ်တော့အားမျှော်လင့်ချက်ဖြင့် အမှုဆောင်လျက်ရှိပါတယ်။ ကိုယ်တော်၊ ကျွန်ုပ်တို့ကို သနားတော်မူပါ။

## ၂။ ကျွန်ုပ်တို့၏ရာထူးဂုဏ်သိန်တွေကို ကျော်လွန်ပြီးသာသနာလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုကို "စတင်" နိုင်စေရန်။

- ဦးဆောင်သူ - ကိုယ်တော်၏ပုံသဏ္ဍာန်တော်နှင့်အညီ ကျွန်ုပ်တို့ကိုဖန်ဆင်းပေးတော်မူသော ဖန်ဆင်းရှင်ဘုရားသခင်။
- ပရိသတ် - လူတိုင်းသည် ကိုယ်တော်ပေးသောအသက်ကြောင့် ကိုယ်တော်အလိုတော်အတိုင်း ကိုယ့်ကိုယ်ကိုတန်ဖိုးထားပြီး အခြားသူများကိုလည်း တန်ဖိုးထားတတ်အောင်အသက်ရှင်နိုင်ဖို့  ကူညီတော်မူပါ။

- ဦးဆောင်သူ - အိမ်နှင့်ကျောင်းတွင်သူတို့၏အသံများ ထုတ်ဖော်ပြောဆိုခြင်းမရှိဘဲ ဒုက္ခရောက်နေသောကလေးများကို သတိပြုမိပြီးကူညီနိုင်ပါစေ။
- ပရိသတ် - လူငယ်တွေ ကိုယ်တော့ကိုသိကျွမ်းပြီး ကိုယ်တော်ပေးတဲ့အသက်ကြောင့် ကိုယ့်ကိုယ်ကိုတန်ဖိုးရှိတယ်ဆိုတာကို ပိုမိုသိရှိနားလည်နိုင်ဖို့ ကူညီတော်မူပါ။  စာလေ့လာရင်း၊ အလုပ်လုပ်ရင်း၊ ကစားရင်းနှင့်လည်း ကိုယ်တော့်ကိုချီးမွမ်းနိုင်ပါစေ၊  ခရစ်ယာန်များနှင့် ကောင်းကောင်းမိတ်သဟာယဖွဲ့နိုင်ပါစေ၊ သမ္မာကျမ်းစာဖော်ပြတဲ့ မျှော်လင့်ခြင်းကို အခြေခံအုတ်မြစ်တည်ပြီး သူတို့ဘဝတစ်လျှောက်လုံး ကိုယ်တော်နှင့်စစ်မှန်သောဆက်ဆံရေးဖြင့် နေထိုင်နိုင်အောင်ကူညီမစတော်မူပါ။ (ရှင်းလင်းချက်မှတ်စု - ၃၊ ၄)

- ဦးဆောင်သူ - တစ်ကိုယ်ရေအဖြစ် လျှောက်လှမ်းနေသူများနှင့် အိမ်ထောင်ပြုပြီးသူများသည် သမ္မာကျမ်းစာမှ သူတို့ကိုပေးသော ကောင်းချီးများကို ခံစားရပါစေ၊ သူတို့၏ဆုကျေးဇူးများကို အသုံးပြု၍ သခင်ဘုရား၌ရှိတော်မူသော ဝမ်းမြောက်ခြင်း၌ လျှောက်လှမ်းနိုင်ပါစေ။ မိသားစုကို ဘုရားသခင့်မေတ္တာတော်၌ တည်ဆောက်နိုင်ပါစေ။ မိသားစုဝင်တစ်ဦးစီတိုင်းသည် အကြမ်းဖက်မှုနှင့်အလွဲသုံးစားမှုအပါအဝင် အန္တရာယ်အားလုံးကို ကာကွယ်စောင့်ရှောက်နိုင်ပြီး ကောင်းချီးများကို ခံစားနိုင်ကြပါစေ။
- ပရိသတ် - အသက်အရွယ်ကြီးရင့်သူတို့သည် ထာဝရအသက်ကိုမျှော်လင့်ချက်ဖြင့် အမျိုးအမျိုးသောအပြောင်းအလဲများကို လက်ခံနိုင်ပါစေ။ "ပြင်ပကိုယ်" သည်ပျက်စီးသွားသော်လည်း "ကျွန်ုပ်တို့၏အတွင်းစိတ်" သည် နေ့စဉ်အသစ်ပြောင်းလဲ နေကြောင်း သတိရအောက်မေ့နိုင်ပါစေ။ (ရှင်းလင်းချက်မှတ်စု - ၅)

- ဦးဆောင်သူ - လိင်ပိုင်းဆိုင်ရာ ထိပါးစော်ကားခံရတဲ့ လူနည်းစုများ၊ နိုင်ငံခြားသားများ၊ အိုးမဲ့အိမ်မဲ့များနှင့် အရမ်းနေမကောင်း ဖြစ်နေတဲ့သူတွေ၊  စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ "မသန်စွမ်းသူတွေ" လို မလိုမုန်းထားမှု၊ ခွဲခြားဆက်ဆံမှုနှင့် နားလည်မှု ကင်းမဲ့မှုတို့ကို အသင်းတော်တွင်လည်း ခံစားနေရသူတွေရှိပါတယ်။ သူတို့ရဲ့ညည်းတွားသံနှင့်ရင်တွင်းခံစားချက်တွေကို နားထောင်ပေးပြီး၊ အချင်းချင်းတို့ရဲ့ အားနည်းချက်တွေကို လက်ခံပေးကာ ခရစ်တော်၏တန်ခိုးတော်ဖြင့် လွှမ်းခြုံထားသော အသင်းတော် ဖြစ်စေတော်မူပါ။ (ရှင်းလင်းချက်မှတ်စု - ၆)
- ပရိသတ် - ယုံကြည်သူများနှင့်ဓမ္မဆရာများသည်  အချင်းချင်းတာဝန်တွေ မတူကြသည်ကို နားလည်ပြီး၊ တစ်ဦးချင်းစီကို လေးစားခြင်းနှင့် ထောက်မခြင်းတို့တွင် အတူတကွပူးပေါင်းဆောင်ရွက်ခြင်းဖြင့်

ကိုယ်တောရဲ့အသင်းတော်ကို တည်ဆောက် နိုင်ပါစေ။ ဒါ့အပြင် လုပ်ငန်းခွင်၊ အသိုင်းအဝိုင်းနှင့် အိမ်အပါဝင် ဒေသအသီးသီးတွင် ယုံကြည်ခြင်းအားဖြင့်နေထိုင်နေသော ယုံကြည်သူတိုင်းကို ကိုယ်တော့နိုင်ငံတော်အတွက် အသုံးပြုမည်ကို ကျွန်ုပ်တို့အခိုင်အမာယုံကြည်စေပါ။ (ရှင်းလင်းချက်မှတ်စု - ၇)

- အားလုံး - ကျွန်ုပ်တို့ရဲ့ ရာထူးဂုဏ်သိန်များကိုကျော်လွန်ကာ အသင်းတော်မိတ်သဟာယဖွဲ့ခြင်း၏ ဝမ်းမြောက်မှုကိုသိပြီး အချင်းချင်းလေးစားရင်းနဲ့ အခြားသူများနားလည်နိုင်မယ့်ပုံစံဖြင့် ဧဝံဂေလိသတင်းကောင်းကို ဝေမျှသွားမည်။ ကိုယ်တော်၊ ကျွန်ုပ်တို့အား ဉာဏ်ပညာနှင့်သာသနာလုပ်ငန်းများအတွက် အဆုံးမရှိသော စိတ်အားထက်သန်မှုကို ပေးသနားတော်မူပါ။

**၃။ ကျွန်ုပ်တို့ရဲ့ဂိုဏ်းဂဏတွေကို ကျော်လွန်ပြီး သာသနာလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု "စတင်" နိုင်စေရန်။**

- ဦးဆောင်သူ - ကျွန်ုပ်တို့အား ကိုယ်တော်၏အသင်းတော်တွင် ဦးခေါင်းဖြစ်သော ခရစ်တော်နှင့်ပေါင်းစည်းစေပြီး ကိုယ်တော့ရဲ့ ကိုယ်ခန္ဓာအင်္ဂါများအဖြစ်ကျွန်ုပ်တို့ကို ဖြစ်စေသော ရွေးနုတ်တော်မူသောဘုရားသခင်။
- ပရိသတ် - အသင်းတော်သည် ကိုယ်တော်တပါးတည်းကိုသာ သမ္မာတရား၌ ကိုးကွယ်နိုင်ပါစေ၊ ကိုယ်တော်၏နာမဖြင့် ဧဝံဂေလိသတင်းကောင်းကို သက်သေခံခြင်း၊ သင်ကြားခြင်းနှင့် သစ္စာရှိရှိအမှုဆောင်ကာ ကျွန်ုပ်တို့သည် မေတ္တာစိတ်နဲ့ မိတ်သဟာယဖွဲ့ပြီး အသက်ရှင်နိုင်ပါစေ။ (ရှင်းလင်းချက်မှတ်စု - ၈)

- ဦးဆောင်သူ - အသင်းတော်၏သမိုင်းကိုလေ့လာနေစဉ်တွင် ဘယ်အရာသည်ပြောင်းလဲ့သင့်သည်၊ မပြောင်းလဲသင့်သည်ကို ပိုင်းခြားသိမြင်နိုင်စေရန် ကျွန်ုပ်တို့ကိုကူညီတော်မူပါ။ အရင်က ဂျပန်ရှိ ဂိုဏ်းဂဏပေါင်းစုံအသင်းတော်အများစုသည် ပေါင်းလိုက်ပြီး စစ်ပွဲတွင်ပါဝင်ခြင်း၊ ဧကရာဇ်မင်းအားဘုရားတစ်ပါးအဖြစ် ကိုးကွယ်ခြင်းကို ကျင့်သုံးခြင်းနှင့် အာရှနိုင်ငံများရှိ လူများအား နတ်ကွန်းများကို ဦးညွှတ်ရန် အတင်းအကြပ်ခိုင်းစေခြင်းတို့ကို အစိုးရအားပံ့ပိုးဖို့ အပြစ်ပြုမိပြီး အပြစ်ရှိသည် ဟု ခံစားရပါသည်။ ကျွန်ုပ်တို့အပြစ်များကို နောင်တရပါသည်။
- ပရိသတ် - ကျွန်ုပ်တို့၏ခေတ်နိုင်ငံရေးအခြေအနေကို စောင့်ကြည့်စေတော်မူပါ၊ အစိုးရအတွက်ဆုတောင်းပေးပြီး၊ ယေရှုခရစ်၏ လက်ဝါးကပ်တိုင်၏ခွင့်လွှတ်ခြင်းနှင့် ကိုယ်တော်ရှင်ပြန်ထမြောက်ခြင်းတန်ခိုးအားဖြင့် ကိုယ်တော်၏သန့်ရှင်းခြင်း၌ အသက်ရှင် နေထိုင်စေတော်မူပါ။ ကျွန်ုပ်တို့၏ဝှက်ထားသော အပြစ်များကို ထုတ်ဖော်ပြီး ပုံစံအမျိုးအမျိုးဖြင့် ကျွန်ုပ်တို့အပေါ်လွှမ်းမိုး လျက်ရှိသော ရုပ်တုကိုးကွယ်ခြင်း၏သွေးဆောင်မှုကို ကျော်လွှားရန် ကူညီတော်မူပါ။ (ရှင်းလင်းချက်မှတ်စု - ၉)

- ဦးဆောင်သူ - ကျွန်ုပ်တို့အား Lausanne လှုပ်ရှားမှုအားဖြင့်တိုက်တွန်းခံရသကဲ့သို့ ကျွန်ုပ်တို့၏ "စကား" နှင့် "အသက်တာ" အားဖြင့် ယေရှုခရစ်ကိုသက်သေခံပြီး ကမ္ဘာအနှံ့ ဧဝံဂေလိသတင်းကောင်းကို ဖြန့်ဝေလိုပါသည်။
- ပရိသတ် - အသင်းတော်သည် အရှေ့ဂျပန်ငလျင်ကြီး (Higashi-Nihon Dai-shinsai) နှင့် အခြားသော သဘာဝဘေးအန္တရာယ်များ ကျရောက်ခဲ့တဲ့ဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းကို ဆက်လက်လုပ်ဆောင်နေပါတယ်။ မြေကြီးပေါ်ရှိအသင်းတော်ရဲ့သာသနာ့လုပ်ငန်းအဖြစ် ထိုနေရာရှိ နာကျင်မှုကို ထပ်ထူခံစားချက်နဲ့ဖေးမနိုင်ကာ ဂိုဏ်းဂဏများ ကျော်လွန်ပြီး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုတို့ကို အတူတကွလုပ်ဆောင်နိုင်ရန် ကျွန်ုပ်တို့သင်ယူရပါသည်။

- ဦးဆောင်သူ - ကျွန်ုပ်တို့ကြားတွင် ဧဝံဂေလိတရားကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်နိုင်ပါစေ၊ ကျွန်ုပ်တို့၏လူမှုရေး တာဝန်များကို ကျေပွန်နိုင်စေရန် အတူတကွလုပ်ဆောင်နိုင်ပါစေ။
- ပရိသတ် - ခရစ်ယာန်များ၏ ကွဲပြားသောဓမ္မအမှုဆောင်လုပ်ငန်းများသည် အသင်းတော်၏လုပ်ငန်းအဖြစ် ကြွယ်ဝပါစေ၊ ဘုရားသခင်၏နိုင်ငံတော်သည် နယ်ပယ်အားလုံးတွင် ပြည့်စုံပြီး၊ ဧဝံဂေလိတရားထွန်းကားလာစေတော်မူပါ။

- အားလုံး - ကိုယ်တော်၊ ကျွန်ုပ်တို့သည်ဂိုဏ်းဂဏများ၊ အသင်းတော်များနှင့် သာသနာ့လုပ်ငန်းအဝဝ၏ နယ်နိမိတ်များကို ကျော်လွန်ပြီး အမှုဆောင်ရန် အချင်းချင်းထံမှ သင်ယူကာ၊ တစ်ကိုယ်တည်း၊ အသင်းတော်တစ်ခုအဖြစ် သာသနာလုပ်ငန်းများ တွင် အတူတကွလုပ်ဆောင်သွားဖို့ဖြစ်တယ်။ ကျွန်ုပ်တို့ကို ချစ်ခြင်းမေတ္တာနှင့် နှိမ့်ချသောနှလုံးသားကို ပေးသနားတော်မူပါ။ (ရှင်းလင်းချက်မှတ်စု - ၁၀)

**၄. ဒေသများကျော်လွန်ပြီး သာသနာလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု "စတင်" နိုင်စေရန်။**

- ဦးဆောင်သူ - ဂျပန်နိုင်ငံနှင့်ကမ္ဘာတစ်ဝှမ်းလုံးတွင်နေထိုင်နေသောကျွန်ုပ်တို့ တစ်ဦးချင်းစီကို ချစ်လျက် အသက်ကိုပေး၍ ဂရုစိုက်တော်မူသော အမြင့်ဆုံးသောဘုရားသခင်။
- ပရိသတ် - ကျွန်ုပ်တို့ဒေသ၏သမိုင်း၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို နားလည်စေတော်မူပါ၊ လေးစားတမှုဖြင့် မတူကွဲပြားတဲ့လူတွေရဲ့နှလုံးသားနဲ့ လက်တွေ့ဘဝတွေကို တို့ထိနိုင်သောစကားများပြောစေတော်မူပါ။

- ဦးဆောင်သူ - ကိုယ်တော့ရဲ့ဝိညာဉ်တော်နဲ့ ဒေသထုံးတမ်းဓလေ့ယဉ်ကျေးမှုကို အသက်သွင်းပေးတော်မူပါ၊ ကိုယ်တော်၌ ယဉ်ကျေးမှုအသစ်တစ်ခုကို ဖန်တီးနိုင်ဖို့နဲ့ ဘုရားသခင်ရဲ့နိုင်ငံတော်ပြီးပြည့်စုံနိုင်ဖို့ ကျွန်ုပ်တို့ကို တန်ဆာပလာအဖြစ် အသုံးပြုတော်မူပါ။
- ပရိသတ် - ကျွန်ုပ်တို့သည် လုပ်နေကျသာသနာပြုနည်းလမ်းများ၊ မူဘောင်အမျိုးအမျိုးနှင့်မချည်နှောင်စေဘဲ ဘယ်အရာကို ဆက်လက်လုပ်ဆောင်ပြီး ဘယ်အရာကိုတော့စွန့်လွှတ်ရမည်ကို ရွေးချယ်တတ်ကာ နည်းလမ်းသစ်များဖြင့် စတင်လုပ် နိုင်စေတော်မူပါ။ (ရှင်းလင်းချက်မှတ်စု - ၁၁)

- ဦးဆောင်သူ - သမားရိုးကျပုံစံများမှ ကျွန်ုပ်တို့ကို လွတ်မြောက်စေတော်မူပါ၊ ဒေသအခြေအနေလိုအပ်ချက်အလိုက် ကျွန်ုပ်တို့၏ ချဉ်းကပ်မှုတွင် လိုက်လျောညီထွေမှုရှိကာ၊ ရဲရင့်စေတော်မူပါ။  ကျွန်ုပ်တို့သည် ကမ္ဘာကိုကောင်းကြီးမင်္ဂလာများ ဆောင်ကျဉ်း ပေးသောအသင်းတော်များ တည်ဆောက်နိုင်ရန် ကူတော်မူပါ။
- ပရိသတ် - ကျွန်ုပ်တို့သည် ဒေသဆိုင်ရာအတားအဆီးများ၊ အထူးသဖြင့် ဂျပန်ရှိ "မြို့ပြ" နှင့် "ကျေးလက်" အတားအဆီးများကို ကျော်လွန်ပြီး အသင်းတော်တစ်ခုစီသည် မိမိတို့သင်းကြားခဲ့ရသောအရာနှင့် ခံစားရသောကောင်းကြီးမင်္ဂလာကို မျှဝေဖို့ အခွင့်အလမ်းများအား ဆက်လက်ရှာဖွေပြီး လုပ်ဆောင်နိုင်ရန် မစတော်မူပါ။

- ဦးဆောင်သူ - အခက်အခဲများကြားထဲမှ အသင်းတော်များနှင့်သာသနာပြုအဖွဲ့အစည်းများကို ကာကွယ်တော်မူပါ။ ကျွန်ုပ်တို့အား သီခြားမဖြစ်စေပဲ ဆုတောင်းခြင်းနှင့် အလှူငွေများဖြင့် အချင်းအချင်းကူညီထောက်မပြီး အွန်လိုင်းအပါအဝင် မိတ်သဟာယဖွဲ့ စေတော်မူပါ။
- ပရိသတ် - အထူးသဖြင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရပြီး ခက်ခဲတဲ့အခြေအနေမှာရှိနေတဲ့လူတွေနဲ့ ဒေသတွေ ရှိနေပါတယ်။ Fukushima နှင့်အခြားနေရာများရှိကြီးမားသောနာကျင်မှုနှင့် အသံမဲ့အသံများကိုကျွန်ုပ်တို့ ဆက်ပြီးဂရုတစိုက် နားထောင်ဖို့မစတော်မူပါ။ (ရှင်းလင်းချက်မှတ်စု - ၁၂)

- အားလုံး - အဖြစ်အမှန်များကို မကွယ်ပျောက်အောင်ကူတော်မူပါ၊ တစ်စုံတစ်ဦးရဲ့ပြဿနာအဖြစ် အဲ့ဒီအရာတွေကို လျစ်လျူမရှုမိစေဖို့ ကူမတော်မူပါ။ ဒေသများကိုကျော်လွန်ပြီး သဘာဝဘေးဒဏ်ခံစားရသူများကို ထပ်တူခံစားချက်နဲ့ ကူညီဖေးမလိုသောစိတ်၊ အနာဂတ် ဘေးအန္တရယ်အတွက် ကြိုတင်ပြင်ဆင်ရမယ့် အသိစိတ်နဲ့ ပါဝင်လုပ်ဆောင်နိုင်ဖို့ ကူညီတော်မူပါ။

### ၅။ ယဉ်ကျေးမှုဘောင်ကိုကျော်လွန်ပြီး သာသနာလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု "စတင်" နိုင်စေရန်။

- ဦးဆောင်သူ - ကိုယ်တော်၏မျက်စိတော်သည် ကမ္ဘာ့ထောင့်နေရာတိုင်းတွင်ရှိပြီး၊ ယဉ်ကျေးမှုတစ်ခုစီကို ကြွယ်ဝစေတော်မူသော ပြန်လည်သင့်မြတ်စေသောဘုရားသခင်။
- ပရိသတ် - Ukraine နှင့်ကမ္ဘာ့အခြားနေရာများတွင် စစ်ပွဲများဆက်လက်ဖြစ်ပွားလျက်ရှိပါတယ်။ ကိုယ်တော်၊ ငြိမ်းချမ်းမှုကို ပေးသနားတော်မူပါ။ ကျွန်ုပ်တို့အထဲ၌ရှိသောပဋိပက္ခများဖန်တီးလိုစိတ်ကို သတိပြုမိပြီး ငြိမ်းချမ်းရေးဖော်ဆောင်သူများ ဖြစ်စေတော်မူပါ။

- ဦးဆောင်သူ - ချမ်းသာသူများပိုချမ်းသာလာပြီး ဆင်းရဲသားများပိုဆင်းရဲလာပါတယ်။ တံမွတ်ခေါင်းပါးမှုနှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်မှုမရှိဘဲ အချင်းအချင်း ကူညီ၊ ပံ့ပိုး၊ မျှဝေမှုတို့ရှိသော ကမ္ဘာတစ်ခုကိုတည်ဆောက် စေတော်မူပါ။ (ရှင်းလင်းချက်မှတ်စု - ၁၃)
- ပရိသတ် - သိပ္ပံနှင့်နည်းပညာတိုးတက်လာတာနဲ့အမျှ မကြုံဖူးတဲ့ပြဿနာတွေနဲ့ ထိခိုက်မှုအသစ်တွေ မြင့်တက်နေပါတယ်။ ကျွန်ုပ်တိုသည် ဘုရားသခင်ကို မှန်ကန်စွာကြောက်ရွံ့ပြီး သမ္မာကျမ်းစာကျင့်ဝတ်နှင့် အသက်ကို မထီမဲ့မြင် မပြုအောင် ကူမတော်မူပါ။ သိပ္ပံနှင့်နည်းပညာကို သခင်ဘုရား၌ အကျိုးရှိစွာအသုံးပြုနိုင်ပြီး လူ့ဘဝတိုးတက်ရေးအတွက် အထောက်အကူပြု စေတော်မူပါ။ (ရှင်းလင်းချက်မှတ်စု - ၁၄)

- ဦးဆောင်သူ -ဘုရားသခင်ဖန်ဆင်းထားတဲ့အလှကမ္ဘာက အပြစ်နဲ့အကျင့်ပျက်ခြစားမှုတွေရဲ့ လွှမ်းမိုးမှုအောက်မှာ ညည်းတွား နေပါတယ်။ ကျွန်ုပ်တို့ရဲ့ လောဘကြီးတဲ့အပြစ်တွေကို ခွင့်လွှတ်တော်မူပါ။ ကမ္ဘာကြီးပူနွေးလာမှုနဲ့ သဘာဝပတ်ဝန်းကျင် ပျက်စီးလာမှုတို့ကို ရပ်တန့်သွားစေရန်၊ သတ္တဝါအားလုံးသဟဇာတရှိစွာ အနားယူနိုင်တဲ့ကမ္ဘာတစ်ခုဖန်တီးနိုင်ဖို့ ဖန်ဆင်းထားတဲ့ ကမ္ဘာကြီးထဲ အစီအစဉ်တကျ နဂိုအတိုင်းပြန်ဖြစ်လာဖို့၊ ကြီးကြပ်အုပ်ချုပ်သူအဖြစ် ကျွန်ုပ်တို့ကို အသုံးပြုတော်မူပါ။ ဤ (၇) ကြိမ်မြောက် ဂျပန်သာသနာပြုညီလာခံကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အသင်းတော်အနှံ့ ကြိုးပမ်းအားထုတ်မှု တွေကို လမ်းခင်းဖို့ အခွင့်ရေးတစ်ခုအဖြစ် အသုံးပြုတော်မူပါ။

- ပရိသတ် - ကိုယ်တော်၊ ကျွန်ုပ်တို့သည် ကမ္ဘာလုံးဆိုင်ရာပြဿနာများကို ဖြေရှင်းနိုင်ရန် မိမိတို့နိုင်ငံတွင်သာမက အခြားနိုင်ငံများနဲ့ လည်းပူးပေါင်း အလုပ်လုပ်နိုင်အောင်မစတော်မူပါ။ (ရှင်းလင်းချက်မှတ်စု - ၁၅)

- ဦးဆောင်သူ - အဲ့ဒီအတွက် အရင်ဦးဆုံး နိုင်ငံခြားရှိဂျပန်အသင်းတော်များ၊ နိုင်ငံခြားဘာသာစကား/ ဘာသာစကားမျိုးစုံသုံး အသင်းတော်များနှင့် လုပ်ငန်းအမျိုးအမျိုးတွင် ပါဝင်ဆောင်ရွက်နေသောသာသနာပြုများကြား မိတ်ဖက်နှင့်ပူးပေါင်းဆောင်ရွက် ပြီး အတူတကွလုပ်သွားမည်။

- ပရိသတ် - နိုင်ငံရပ်ခြားမှ ဂျပန်သို့လာရောက်ကြတဲ့ ကျွန်ုပ်တို့၏ညီကိုမောင်နှမတွေကို ကြိုဆိုဂုဏ်ပြုပါတယ်။ လေးစားမှုနဲ့ ကျွန်ုပ်တို့ဟာ တစ်ဦးနှင့်တစ်ဦး မတူကွဲပြားမှုများမှသင်ယူကြပြီး ယဉ်ကျေးမှုပေါင်းစုံကို ကြိုဆိုသောအသင်းတော်တစ်ခုအဖြစ် ကမ္ဘာတစ်ဝှမ်းတွင် တိုးချဲ့လုပ်ဆောင်မည့် သသာနာ့လုပ်ငန်းများကို အတူတကွတာဝန်ယူဆောက်ရွက်ကြမည်။

- အားလုံး - ကျွန်ုပ်တို့လုပ်ငန်းသည် ကိုယ်တော်၏သာသနာလုပ်ငန်းအစိတ်အပိုင်းတစ်ခုဖြစ်သည်။ ကိုယ်တော်က အစပြုပြီး နောက်ဆုံးမှာ ကျွန်ုပ်တို့ ပြီးမြောက်အောင်လုပ်နိုင်စေမယ်လို့ ယုံကြည်တဲ့အတွက် ကျွန်ုပ်တို့ အကောင်းဆုံးလုပ်ဆောင်သွားမည်။ ကိုယ်တော်အမြင်အတိုင်း ကျွန်ုပ်တို့မြင်နိုင်အောင် ကူညီတော်မူပါ။

## ၆။ "အဆုံး" မှ "စတင်" နိုင်ရန်။

- ဦးဆောင်သူ - ကိုယ်တော်၊ ကျွန်ုပ်တို့သည် အလွန်ခက်ခဲသောအခြေအနေများကို ရင်ဆိုင်နေရပါတယ်။ သို့ပေမဲ့ ကျွန်ုပ်တို့သည် ကိုယ်တော်၌မျှော်လင်ချက်မပျောက်ပါ။ ကျွန်ုပ်တို့သည် မျှော်ကြည့်၍ ကိုယ်တော် ပြန်ကြွလာမယ့်နေ့ကို မျှော်လင့်လျက် နေပါတယ်။

- ပရိသတ် - "ထို့နောက်မှ ငါကြည့်လျှင်၊ အသီးအသီး ဘာသာစကားကို ပြောသောလူမျိုးအနွယ်ခပ်သိမ်းတို့အထဲမှထွက်၍၊ အဘယ်သူမျှ မရေတွက်နိုင်သော လူများအပေါင်းတို့သည်ဖြူသောဝတ်လုံကိုဝတ်ဆင်လျက်၊ စွန်ပလွံခက်ကို ကိုင်လျက်၊ ပလ္လင်တော်ရှေ့၊ သိုးသငယ်ရှေ့မှာရပ်နေကြ၏။ သူတို့ကလည်း၊ ပလ္လင်ပေါ်မှာထိုင်တော်မူသော ငါတို့၏ဘုရားသင်ခင်နှင့် သိုးသငယ်သည် ကယ်တင်တော်မူခြင်းချမ်းသာရှိတော်မူစေ သတည်း ဟု ကြီးသောအသံနှင့် ကြွေးကြော်ကြ၏။ ပလ္လင်တော်မှ သော အသက်ကြီးသူတို့နှင့် သတ္တဝါလေးပါး၏ပတ်ဝန်းကျင်၌ရပ်နေသော ကောင်းကင်တမန်အပေါင်းတို့သည်၊ ပလ္လင်တော်ရှေ့ မှာ ပြပ်ဝပ်၍ ဘုရားသခင်ကို ကိုးကွယ်လျက်၊" (ဗျာဒိတ်ကျမ်း ၇း၉-၁၁)

- ဦးဆောင်သူ - ဤမျှော်လင့်ခြင်းကြောင့် ကျွန်ုပ်တို့သည် "အဆုံး" ဆိုသည့် ဒီနေရာတွင် ရာထူးဂုဏ်သိန်၊ ဂိုဏ်းဂဏ၊ ဒေသများနှင့် ယဉ်ကျေးမှုဘောင်ကို ကျော်လွန်ပြီး "စတင်" လုပ်မည်။ ကျွန်ုပ်တို့၏သာသနာ့လုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုကို ကောင်းချီးပေး တော်မူပါ။

- ပရိသတ် - "ကြည့်ရှုလော့။ အမှုသစ်ကိုငါပြုမည်။ ယခုပေါ်လာလိမ့်မည်။ သင်တို့သည်အမှန်သိမြင်ရကြလိမ့်မည်။ အကယ်စင်စစ် တောခွ်လမ်းကိုလည်းကောင်း၊ လွင်ပြင်၌စီးသောရေလည်းကောင်း ငါဖန်ဆင်းမည်။" (ဟေရှာယ ၄၃း၁၉)

- အားလုံး - ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် မျှော်လင့်ခြင်းတို့ဖြင့် ကျွန်ုပ်တို့သခင်ယေရှုခရစ်၏နာမ၌ ဆုတောင်းပါ၏။ အာမင်။

(ယုဒသန်ဗားရှင်း၊ မြန်မာကျမ်းစာ၊ မြန်မာနိုင်ငံကျမ်းစာအသင်း© ၂၀၂၁ မူပိုင်ခွင့်)

မှတ်ချက် - "ရှင်းလင်းချက်မှတ်စု" ကို ဘာသာပြန်ဆိုထားခြင်းမဟုတ်ပါ၊ ဝဘ်ဆိုက်ထဲတွင် ဂျပန်လိုနဲ့ရှိသော်လည်း ပရိုဂရမ်တစ်မျိုးမျိုးကို သုံးပြီး ကိုယ်တိုင်အဆင်ပြေအောင် ဘာသာပြန်ဆိုမှုလုပ်ပြီးဖတ်နိုင်ဖို့ ရှင်းလင်းချက်မှတ်စုနံပါတ်အတိုင်း ဖော်ပြပေးထားပါသည်။